# ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများ

# သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် ( မြန်မာ+အင်္ဂလိပ်) အား ဖော်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသောအခြေအနေများသည် မကြာမီရက်သတ္တပတ်များအတွင်းက နိုင်ငံတကာက အထူးအာရုံစိုက်လာသည့် ကိစ္စရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့က ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် Arakan Rohingya Salvation Army (ARSA) ဟုခေါ်သည့် အစွန်းရောက်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများမှ တစ်ဆင့်စတင်ဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှု များ မြင့်တက်လာမှုကြောင့် လူမှုအသိုက်အဝန်းအားလုံးမှ အရပ်သားများ၏ ဒုက္ခခံစားမှုများနှင့် နေရပ်ပြောင်းရွှေ့ တိမ်းရှောင်ခဲ့ရမှုများအပေါ် မြန်မာအစိုးရအနေဖြင့်လည်း နိုင်ငံတကာနည်းတူ စိုးရိမ်ပူပန်မှု အပြည့်အဝရှိပါသည်။

နောက်ဆုံးထပ်မံဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှု အခြေအနေများမှာ အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းပေါင်း(၃၀)အား စနစ်တကျ ကြိုတင်ကြံစည်ညှိနှိုင်း၍ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုများကြောင့်စတင်ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။ လွတ်လပ်သော အတည်ပြုချက်များအရ ပြည်ပမှငွေကြေးထောက်ပံ့မှုနှင့် အားပေးလှုံ့ဆော်မှုရရှိထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ARSA က အဆိုပါ တိုက်ခိုက်မှုများကို ၎င်းတို့ကိုယ်တိုင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု များကိုလည်း ၎င်းတို့ပင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ကြေငြာထားခဲ့ပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာမက အပြစ်မဲ့အရပ်သားများကိုပါ ပစ်မှတ်ထားခဲ့သည့် ရက်စက်ကြမ်းကြုတ်သောအကြမ်းဖက်တိုက်ခိုက်မှုများအား တညီတညွတ်တည်း ရှုတ်ချကြရမည်ဖြစ်ပါသည်။ အကြမ်းဖက်လုပ်ရပ်မှန်သမျှအား မည်သည့်အကြောင်းပြချက်နှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။

ယင်းသို့ ဆိုးဝါးလှသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာအစိုးရအနေဖြင့် အပြင်းအထန်ရှုတ်ချပြီး ARSA အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံ အများအပြားကလည်း အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှု

အပေါ် ပြတ်သားစွာရှုတ်ချကြောင်း ကြေညာချက်များ အသီးသီးထုတ်ပြန်ခဲ့ကြခြင်းကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုပါသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာ ထုတ်ပြန်ချိန်နှင့် အချိန်ကိုက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးတိုက်ခိုက်မှုများမှာ အဆိုပါကော်မရှင်၏ အကြံပြုချက်များကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပြဿနာအား ရေရှည်ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုကို အင်အားချိနဲ့သွားစေရန် ကြံရွယ်ဆောင်ရွက်ခဲ့သည်မှာ သိသာထင်ရှားပါသည်။

မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် ဥပဒေ စည်းမျဉ်းစည်းကမ်းများအား တိတိကျကျလိုက်နာကြရန်နှင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန်အတွက်လည်းကောင်း၊ တည်ငြိမ်မှု ပြန်လည်ရရှိရေးအတွက် မိမိတို့၏ တရားသောတာဝန်ကို ထမ်းဆောင်ကြရာတွင် အပြစ်မဲ့ပြည်သူများအား မထိခိုက်စေရေးနှင့် မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ကြရန်လည်းကောင်း ညွှန်ကြားထားရှိပြီး ဖြစ်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိလျှင်လည်းကောင်း၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်အားနည်းစေနိုင်သော လုပ်ရပ်မှန်သမျှကိုလည်းကောင်း၊ တရားဥပဒေစံနှုန်းများနှင့်အညီ တိကျစွာအရေးယူဆောင် ရွက်သွားမည်ဖြစ်ပါသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် လူနည်းစုတိုင်းရင်းသားများ ဖြစ်ကြသည့် မြို၊ ဒိုင်းနက်နှင့် ကမန်တို့ အပါအဝင် လူမှုအသိုင်းအဝန်းအားလုံးမှ ပြည်သူများလည်း မိမိတို့၏နေရပ်ကို စွန့်ခွာတိမ်းရှောင်မှုများကိုဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော် ၎င်းလူနည်းစု တိုင်းရင်းသားများ၏ ဒုက္ခကံကြမ္မာများကိုမူ နိုင်ငံတကာက မသိကျိုးကျွံ ပြုခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာတွေ့ရှိရပါသည်။

ဖြစ်ပေါ်နေသည့် ရှုပ်ထွေးသိမ်မွေ့သည့် အခြေအနေများအပေါ် ဘက်လိုက်မှုမရှိဘဲ မျှမျှတတပြည့်ပြည့်စုံစုံ ရှုမြင်နိုင်ကြစေရေးအတွက် အစိုးရအနေဖြင့် ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ သတင်းထောက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများအားလုံး၏ အခက်အခဲများ လျော့ပါးသက်သာစေရန်အတွက် မြန်မာအစိုးရအနေဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မဆိုင်းမတွ ထောက်ပံ့ပေးလျက်ရှိပါသည်။

နေရပ်စွန့်ခွာ တိမ်းရှောင်ကြရသည့် လူမှုအသိုင်းအဝန်းများ အားလုံးအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဘက်လိုက်ခွဲခြားမှု မရှိစေဘဲ ပေးအပ်သွားမည် ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်ထားသော မြန်မာအစိုးရဦးဆောင်သည့် အကူအညီပေးရေးယန္တရားတစ်ရပ်မှတစ်ဆင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါ သည်။ အဆိုပါ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ကူညီပံ့ပိုးရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အခြားနိုင်ငံများ၏ ကမ်းလှမ်းမှုများကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုသွားမည် ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို ကြိုဆိုကြောင်း ဩဂုတ်လ ၂၄ ရက် နေ့က ထုတ်ပြန် ကြေငြာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအကြံပြုချက်များအား အကောင်အထည်ဖော် တိုးတက်မှု အခြေအနေကို လေ့လာစောင့်ကြည့်မည့် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကိုလည်း ဆောလျင်စွာ ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ ကော်မတီလုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုရန် အတွက် ပြည်တွင်းပြည်ပမှ ထင်ရှားသူများပါဝင်မည့် အကြံပေးအဖွဲ့တစ်ရပ်ကိုလည်း ဖွဲ့စည်းသွား မည်ဖြစ်ပါ သည်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပံ့ပိုးပေး ကြခြင်းသည်သာ ဤကိစ္စဖြေရှင်းရေးအတွက် အကောင်းဆုံးကူညီနိုင်မည့်နည်းလမ်း ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။

**Press Statement**

<u>The Situation in the Rakhine State</u>

The situation in Rakhine State has been the focus of the world attention in recent weeks. The Government of Myanmar fully shares the concern of the international community regarding the displacement and suffering of all communities affected by the latest escalation of violence ignited by the acts of terrorism committed by the extremist group known as the Arakan Rohingya Salvation Army (ARSA) in Northern Rakhine State on 25 August 2017.

The fresh round of violence was the result of simultaneous and coordinated attacks by the terrorists on 30 police outposts in Northern Rakhine State. The ARSA, which has been independently verified to be externally funded and inspired organization, has claimed responsibility for the attacks. The same group has also claimed responsibility for the attacks initiated on 9 October 2016. The brutal acts of terrorism which targeted not only the Myanmar security forces but also innocent civilians must be unequivocally condemned. Acts of terrorism cannot be condoned for any reason.

The Government of Myanmar strongly condemns the vicious acts of terrorism and has declared the ARSA a terrorist group. The Government welcomes the statements issued by the United Nations and a number of countries firmly condemning the terrorist attacks.

The attacks of August 2017 were deliberately timed to coincide with the release of the final report of the Advisory Commission on Rakhine led by Mr. Kofi Annan. It is evident that the latest terror campaign is an attempt to

undermine the efforts of the Government to find a lasting solution to the issue of Rakhine through the speedy implementation of the Advisory Commission's recommendations.

The security forces have been instructed to adhere strictly to the Code of Conduct in carrying out security operations, to exercise all due restraint, and to take full measures to avoid collateral damage and the harming of innocent civilians in the course of carrying out their legitimate duty to restore stability.

Human Rights violations and all other acts that impair stability and harmony and undermine the rule of law will be addressed in accordance with strict norms of justice.

The recent attacks have led to widespread fear and the subsequent displacement of all communities, including Rakhine, Hindu, and various smaller ethnic minorities such as the Mro, Daingnet and Kaman, whose fate is sadly overlooked by the world.

The Government has granted media access to northern Rakhine to both local and international media in order to provide a balanced and comprehensive view of complex situation. The government provided prompt relief aid to alleviate the plight of displaced communities.

Humanitarian assistance will be provided to all displaced inhabitants without discrimination. A Government-led mechanism established in cooperation with the Red Cross Movement has already started its humanitarian assistance activities. Myanmar welcomes the offers of ASEAN members as well as other countries to contribute toward the assistance programme.

The Government brought out a statement welcoming the recommendations of Mr. Kofi Annan's Advisory Commission on 24 August 2017. A Ministerial-led Committee to monitor the progress of the

implementation of the recommendations will be established speedily and an Advisory Board comprised of eminent persons from home and abroad will also be constituted to assist the Committee in its work.

The international community can best help by supporting the Myanmar Government in its efforts to bring stability, peace and development to Rakhine State.

Ministry of Foreign Affairs

Dated: 11 September 2017